စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ အပင်ပိုးမွှားကာကွယ်ရေးစခန်း

# အရေးကြီးသတိပေးချက်

## ဂျပန်နိုင်ငံသို့ အပင်များ သွင်းယူလာသည့်အခါ
## ပိုးမွှားကင်းရှင်းကြောင်းလက်မှတ် လိုအပ်ပါသည်။

အပင်ပိုးမွှားကာကွယ်ရေးဥပဒေအရ အပင်များ* ကို ဂျပန်နိုင်ငံသို့ သွင်းယူလာသည့်အခါ
တင်ပို့မည့်နိုင်ငံမှ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းမှထုတ်ပေးသော
ပိုးမွှားကင်းရှင်းကြောင်းလက်မှတ် (Phytosanitary certificate) ကို
ပူးတွဲပြီး ပစ္စည်းတင်သွင်းမှုအတွက် အစစ်ဆေးခံရန် လိုအပ်ပါသည်။

ဂျပန်နိုင်ငံသို့ သွင်းယူလာခြင်းမပြုရန်တားမြစ်ထားသော အပင်များလည်း ရှိပါသည် (ကျောဘက်တွင်ဖတ်ရှုပါ)။

* သစ်သီးများ၊ ဟင်းသီးဟင်းရွက်များနှင့် ကောက်ပဲသီးနှံများအပြင်၊ ပန်းခိုင်များ၊ မျိုးစေ့များ၊ ပျိုးပင်များနှင့် အပင်ကို ကုန်ကြမ်းအဖြစ်ထားပြီး ပြုပြင်ဖန်တီးထားသောထုတ်ကုန်အချို့လည်း ပါဝင်ပါသည်။
ထို့အပြင် ပိုးမွှားကင်းရှင်းကြောင်းလက်မှတ် မလိုအပ်သည့်အပင်များ (တင်သွင်းရာ၌ စစ်ဆေးမှုခံယူရန် လိုအပ်သော)၊ ပိုးမွှားကင်းရှင်းကြောင်းလက်မှတ်နှင့်တကွ တင်သွင်းရာ၌စစ်ဆေးမှုခံယူရန်မလိုအပ်သော အပင်များလည်း ရှိပါသည် (ကျောဘက်တွင်ဖတ်ရှုပါ)။

ပိုးမွှားကင်းရှင်းကြောင်းလက်မှတ် ပူးတွဲမပါသောအပင်များကို
အပင်ပိုးမွှားကာကွယ်ရေးဥပဒေအရ စွန့်ပစ်ဖျက်ဆီးမည်ဖြစ်ပါသည်။
ပိုးမွှားကင်းရှင်းကြောင်းလက်မှတ်ကို ပူးတွဲထားခြင်းမရှိဘဲ တင်သွင်းလာပါက သို့မဟုတ် တင်သွင်းလာချိန်၌ စစ်ဆေးမှု မခံယူထားပါက ထောင်ဒဏ် 3 နှစ်အထိ သို့မဟုတ် ဒဏ်ငွေ ယန်း 3 သန်းအထိ (ကော်ပိုရေးရှင်းဖြစ်ပါက ယန်း သန်း 50 အထိ) ချမှတ်နိုင်ပါသည်။

**အပင်ပိုးမွှားများ  ကျူးကျော်ဝင်ရောက်မှု သတိပေးချက်ထုတ်ပြန်ထား**

MAFF
Ministry of Agriculture, Forestry and Fisheries
農林水産省

# စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ အပင်ပိုးမွှားကာကွယ်ရေးစခန်း

## ⚠ ဂျပန်နိုင်ငံသို့ သွင်းယူလာခြင်းမပြုရန်တားမြစ်ထားသည့် အဓိက အပင်များ

- Ceratitis capitata (သီးထိုးယင် မျိုးစိပ်တစ်ခု) နှင့် Bactrocera dorsalis (သီးထိုးယင် မျိုးစိပ်တစ်ခု) တို့ ဖြစ်ပွားလျက်ရှိသော နိုင်ငံ သို့မဟုတ် ဒေသတို့မှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အများစု (ရှောက်၊ သံပုရာ၊ လိမ္မော်အုပ်စုများ၊ သရက်သီး စသည်)
- Cydia pomonella (ပိုးဖလံ) ဖြစ်ပွားလျက်ရှိသော နိုင်ငံ သို့မဟုတ် ဒေသတို့မှ ပန်းသီးနှင့် ချယ်ရီသီးစသည့် သစ်သီးဝလံများ၊ အခွံပါသည့် သစ်ကြားသီးများ စသည်

*ထို့အပြင် ဂျပန်နိုင်ငံ၌ ဖြစ်ပွားခြင်းမရှိသေးသော်လည်း ကမ္ဘာတစ်ဝှမ်း၌ ဆိုးရွားစွာ ဖျက်ဆီးမှုပြုသော ပိုးမွှားများဖြစ်ပွားလျက်ရှိသည့် နိုင်ငံ သို့မဟုတ် ဒေသများမှ အပင်အများစုကို သွင်းယူလာခြင်းမပြုရန် တားမြစ်ထားပါသည်။ အသေးစိတ်သိရှိလိုပါက အပင်ပိုးမွှားကာကွယ်ရေးစခန်းသို့ ဆက်သွယ်ပါ။



Ceratitis capitata
(သီးထိုးယင် မျိုးစိပ်တစ်ခု)



Bactrocera dorsalis
(သီးထိုးယင် မျိုးစိပ်တစ်ခု)



Cydia pomonella
(ပိုးဖလံ)

## ပိုးမွှားကင်းရှင်းကြောင်းလက်မှတ် မလိုအပ်သည့်အပင်များ
( ⚠ တင်သွင်းရာ၌ စစ်ဆေးမှုခံယူရန် လိုအပ်သော)

ငရုတ်သီးမှုန့်၊ ဂျပန်ငရုတ်ကောင်း၊ လှီးဖြတ်အခြောက်ခံထားသော မုန်လာဥဖြူ၊ ကောက်ကောက်ညှန့်၊ ဆေးဝါးသုံး မုန်လာဥနီ၊ ကြာခွက်၊ နာနတ်ပွင့် (ရှစ်ထောင့်)၊ ကော်ဖီစေ့အစိမ်း၊ နေကြာစေ့ (စားသုံးနိုင်သော) စသည်တို့ကို အခြောက်ခံထားသည့်အရာများ သို့မဟုတ် အေးခဲထားသည့်အရာများဖြစ်ပြီး စိုက်ပျိုးရန်၊ တိရစ္ဆာန်အစာကျွေးရန်၊ မြေသြဇာအဖြစ်သုံးရန်၊ စိုက်ပျိုးမွေးမြူရေးနှင့်သစ်တောထွက်ကုန် ကုန်ကြမ်းအဖြစ်သုံးရန် မဖြစ်နိုင်သောအရာများ။

*မှတ်ချက် - အစေ့အဆန်အုပ်စု (ဆန်၊ ပြောင်းဆန်၊ ပြောင်း၊ ပန်းဂျုံ၊ ဂျုံအုပ်စု စသည်)၊ ပဲ အုပ်စု (ပဲပုပ်၊ အာဇုကီပဲ၊ မြေပဲ စသည်)၊ ထင်း၊ ကိုကိုးစေ့၊ နှမ်း၊ မန်ကျည်းသီးခြောက်၊ နံနံပင်၊ ပန်းခြောက်အချို့၊ တိုင်းရင်းဆေးဖက်ဝင်အပင်များနှင့် ဟင်းခတ်အမွှေးအကြိုင် စသည်တို့ဖြစ်ပါက အခြောက်လှမ်းထားသော်လည်း ပိုးမွှားကင်းရှင်းကြောင်းလက်မှတ် လိုအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက အပင်ပိုးမွှားကာကွယ်ရေးစခန်းသို့ ဆက်သွယ်ပါ။

## ပိုးမွှားကင်းရှင်းကြောင်းလက်မှတ်နှင့်တကွ တင်သွင်းရာ၌စစ်ဆေးမှုခံယူရန်မလိုအပ်သော အရာများ

- သစ်ခွဲသား
- လက်ဖက်ခြောက်
- အရက်၊ ရှာလကာရည်၊ သကြားစိမ်ထားသောအပင်များ စသည်

## အဓိက စုံစမ်းမေးမြန်းနိုင်သော အပင်ပိုးမွှားကာကွယ်ရေးစခန်းများ


- **Yokohama အပင်ပိုးမွှားကာကွယ်ရေးစခန်း**
  ＋８１－４５－２１１－７１５３
- **Nagoya အပင်ပိုးမွှားကာကွယ်ရေးစခန်း**
  ＋８１－５２－６５１－０１１２
- **Kobe အပင်ပိုးမွှားကာကွယ်ရေးစခန်း**
  ＋８１－７８－３３１－２３８６
- **Moji အပင်ပိုးမွှားကာကွယ်ရေးစခန်း**
  ＋８１－９３－３２１－２６０１
- **Naha အပင်ပိုးမွှားကာကွယ်ရေးစခန်း**
  ＋８１－９８－８６８－２８５０

**တိုင်ပင်ဆွေးနွေးခြင်း https://www.contactus.maff.go.jp/j/pps/form/qa_e.html**